## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစားအသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်

**ရုံးချုပ်လိပ်စာ**

အမှတ် (၁၉/ ၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com

GGI TOKIO MARINE
အထွေထွေအာမခံ

# ငွေပို့ ငွေသယ် အာမခံ



လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# သင့်ငွေသွားလေရာ ကာကွယ်မှာ

တစ်ခါတလေကျရင် သင့်ပိုက်ဆံတွေကို နေရာအရွှေ့အပြောင်း လုပ်ရတတ်ပါတယ်။ ဒါပေမဲ့လည်း ပိုက်ဆံအပြောင်းအရွှေ့လုပ်တာဟာ အန္တရာယ်များပြီး စွန့်စားမှုပြုရတဲ့ အလုပ်ပါ။ သင့်လုပ်ငန်းနဲ့ ဘဏ်ကတော့ လုံခြုံစိတ်ချရတဲ့နေရာ ဖြစ်ကောင်းဖြစ်ပေမယ့် ငွေသား အပြောင်းအရွှေ့လုပ်တာကတော့ ဒုစရိုက်သမားတွေ အကြိုက်တွေ့စရာ အခွင့်အလမ်းဖြစ်ပြီး သူတို့လုပ်ရှားဖို့ အလွယ်ကူဆုံးအချိန် ဖြစ်နေတတ်ပါတယ်။

အဲဒါကြောင့် တစ်နေရာကနေ နောက်တစ်နေရာကို ရွှေ့ပြောင်းမယ့် ငွေသားအားလုံးကို အကာအကွယ်ပေးမယ့် ငွေပို့ငွေသယ်အာမခံကို ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးနေပါတယ်။ ငွေသားဆုံးရှုံးမှု၊ ခိုးယူခံရမှု၊ လုယက်မှုများအတွက် စုစုပေါင်း ပေးသွင်းငွေအပြည့်ကို ကျွန်ုပ်တို့ ထုတ်ပေးမှာပါ။

## FEATURES:

ကျွန်ုပ်တို့ရဲ့ ငွေပို့ငွေသယ် အာမခံပေါ်လစီက မသမာသူတွေရဲ့ ခိုးယူမှု သို့မဟုတ် သင့်ဝန်ထမ်းတွေ၊ အကူဝန်ထမ်းတွေကြောင့် ဆုံးရှုံးမှုတွေအတွက် အလွန်ထိရောက်မှု ရှိပါတယ်။

ကျွန်ုပ်တို့ဆီက လျော်ကြေးထုတ်ပေးတာ မြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိကာ လုပ်ဆောင်မှုက နားလည်ရလွယ်ကူပါတယ်။ အချိန်ပြည့်ဝန်ဆောင်မှုများ ရရှိနိုင်တဲ့ အတွက် ဖုန်းတစ်ချက် ဆက်လိုက်ရုံပါပဲ။

## အဓိက အကျိုးခံစားခွင့်များ

- ငွေသား အပြောင်းအရွှေ့လုပ်စဉ်အတွင်း ခိုးယူမှု၊ လုယက်မှုများကြောင့် ငွေသားဆုံးရှုံးမှုအတွက် အကာအကွယ်ပေးခြင်း။
- လျော်ကြေးထုတ်ပေးမှု မြန်ဆန်ခြင်းနှင့် ၂၄ နာရီ အချိန်ပြည့် ဝန်ဆောင်မှုပေးခြင်း။

